# (၈၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့်
# (၁၇) ကြိမ်မြောက် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသမဝါယမများနေ့

## *သမဝါယမအနာဂတ် = လူငယ်များ*

၂၀၁၁ခုနှစ်၊ ဇူလိုင် (၂)ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဖော်ကျူးသောဆောင်ပုဒ်သည်- သမဝါယမများကဲ့သို့သော လုပ်ငန်းများတွင် လူငယ်များအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းပေးနိုင်ကြောင်း မီးမောင်းထိုးပြလျှက်ရှိပါသည်။ အဆိုပါဆောင်ပုဒ်သည် ၂၀၁၁ခုနှစ်၊ ဩဂုတ်လတွင် ကုန်ဆုံးမည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာလူငယ်များနှစ်ပွဲတော် ကျင်းပချိန်နှင့်လည်း တိုက်ဆိုင်နေပါသည်။ လူငယ်များနှစ် (Year of Youth) သည် တွေ့ဆုံ ဆွေးနွေးခြင်း၊ အပြန်အလှန်နားလည်မှုရယူခြင်းများကို မျိုးဆက်ပေါင်းများစွာ တည်တံ့နိုင်စေပြီး ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး လွတ်လပ်မှုနှင့် စည်းလုံးညီညွတ်မှုများကို တိုက်တွန်းမြှင့်တင် ပေးလျှက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့သည်- သမဝါယမလှုပ်ရှားမှုများ၌ လူငယ်များပါဝင်လှုပ်ရှား လာအောင် ဆွဲဆောင်စည်းရုံးရန်မှာ သမဝါယမလုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်နေသူ သမဝါယမဘက်တော်သားများဖြစ်ကြောင်း ဖော်ပြထားပါသည်။ လူငယ်များ သမဝါယမလုပ်ငန်းအပေါ် သတိမမူမိသည်မှာ မကြာခဏ ပင်ဖြစ်ပါသည်။ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဖော်ပြခြင်းမရှိခြင်းကြောင့် သမဝါယမအကြောင်း ကျောင်းများတွင်သင်ကြားခြင်းမရှိပါ။ လူငယ်များသည်ပင်လျှင် ၎င်းတို့အသုံးပြု နေသောပစ္စည်းပစ္စယများနှင့် ဝန်ဆောင်မှုများကို သမဝါယမက ဆောင်ကျဉ်းပေးနေသည်ကို သိရှိခြင်း မရှိပါ။

ဤသို့ဆိုငြားသော်လည်း သမဝါယမများအနေဖြင့်- လူငယ်များ၏လက်တွေ့နှင့် အနာဂတ်လိုအပ်ချက်များ ကိုကိုင်တွယ်နိုင်ရေး အခွင့်အလမ်းများကို ဆောင်ကျဉ်းပေးလျက်ရှိပါသည်။ ၎င်းတို့ကိုယ်တိုင်စီမံကွပ်ကဲနိုင်မည့် လုပ်ငန်းများလုပ်ဆောင်နိုင်ရန်နည်းလမ်းများ ရှာကြံပေးလျှက်ရှိ ပါသည်။ ထို့အပြင် လူငယ်အရေးအလေးထားသည့် သမဝါယမများတွင် လူငယ်များပါဝင်ပြီး ပိုမိုမျှတကောင်းမွန်သော လူမှုစီးပွားရေးများကို အကောင်အထည် ဖော်နိုင်ခွင့်များ ဆောင်ရွက်နိုင်ရန် ဖော်ဆောင်ပေးလျှက်ရှိပါသည်။

ယနေ့လူမှုဆက်သွယ်ရေး (Social Media) များသည် လူငယ်များအား တစ်ကြိမ်တစ်ခါမှ ကြုံတွေ့နိုင်ခြင်း မရှိသည့် အတိုင်းအတာဖြင့် ဆက်သွယ်ပေးနေခြင်းကြောင့်၊ သမဝါယမများအတွက် မကြုံစဖူးအခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ သမဝါယမတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံများဖွဲ့စည်းပါဝင်နေခြင်းသည်ပင်လျှင် အရေးပါကျော်ကြားလာသော မျိုးဆက်အတွက် ဆွဲဆောင်ကောင်းသော အရာတစ်ခုပင်ဖြစ်ပါသည်။

သမဝါယမများသည် လုပ်ငန်းကျွမ်းကျင်မှုရရှိစေရေး လူငယ်များကို အခွင့်အလမ်းဖန်တီးပေးပြီး ၎င်းတို့၏ ဉာဏ်ပညာတိုးတက်မှုအတွက် စွမ်းဆောင်မှုတည်ဆောက်ခြင်း (Capacity Building) သမဝါယမအတွင်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ပတ်သက်စေခြင်း (သို့မဟုတ်) သမဝါယမကို ကိုယ်တိုင်ကိုယ်ကျဖွဲ့စည်းစေခြင်း များကို တိုက်တွန်းအားပေးပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၏ လူငယ်များနှင့်ပူးပေါင်းဆောင်ရွက်မှုသည် အချိန်ကြာညောင်း ခဲ့ပြီးဖြစ်ပါသည်။ အဖွဲ့ချုပ်၏ဘုတ်အဖွဲ့တွင် ပထမဦးဆုံးလူငယ်ကိုယ်စားလှယ် အပြည့်အဝပါဝင် ဆွေးနွေးမှုကို ၂၀၀၃ခုနှစ်ကပင် ခွင့်ပြုခဲ့ပြီးဖြစ်သည့်အပြင် ၂၀၀၈ခုနှစ်မှစပြီး ICA ဘုတ်အဖွဲ့တွင် လူငယ်ကိုယ်စားလှယ်တစ်ဦး ပါဝင်လာနိုင်ရေး၊ ရွေးချယ်ရေးစည်းမျဉ်းကိုလည်း ပုံသေသတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ရှိ သွက်လက်လှုပ်ရှားနေသော လူငယ်ကွန်ယက် ( Youth Network ) ၏ဦးတည်ချက်များမှာ-

- နိုင်ငံအသီးသီးရှိ သမဝါယမလူငယ်များအချင်းချင်း ဆက်သွယ်ပြီး အတွေ့အကြုံနှင့် အမြင်ချင်းဖလှယ် နိုင်ရေး ကူညီပေးခြင်း၊
- ပိုမိုကျယ်ပြန့်သော သမဝါယမလှုပ်ရှားမှုများကို လေ့လာသင်ယူနိုင်ရေး အခြေအနေများ ဖန်တီးပေးခြင်း၊
- ပညာပေးခြင်း၊ ကူညီပံ့ပိုးပေးခြင်းများဖြင့် လှုပ်ရှားမှုအပြင်ဖက်မှ လူငယ်များပါဝင်လာစေခြင်း နှင့်
- လူငယ်များပါဝင်လာသည်နှင့်အမျှ သမဝါယမလှုပ်ရှားမှုများအတွင်း လူငယ်အကြောင်းအချက် ကိစ္စများကို အရှိကိုအရှိအတိုင်း အဖြေရှာဆောင်ရွက်ပေးရန်တို့ကို အမြဲမပြတ် တိုက်တွန်းဆွေးနွေးခြင်း၊

၂၀၁၁ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသမဝါယမများနှစ် ဦးစားပေးအစီအစဉ်အရ- သမဝါယမလုပ်ရှားမှုများတွင် လူငယ်များပိုမိုပါဝင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ သမဝါယမအခြေခံမူများနှင့် အနှစ်သာရများ လူငယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်သည် "သမဝါယမပန်းချီပြိုင်ပွဲ" (Coop.Art Competition) အမည်ဖြင့် ကမ္ဘာအရပ်ရပ်မှ အရွယ်ရောက်ပြီး လူငယ်များပါဝင်သော အနုပညာအရည်အသွေးပြိုင်ပွဲတစ်ရပ်ကိုကျင်းပရန် စည်းရုံးဆောင်ရွက်လျှက်ရှိပါသည်။ ယှဉ်ပြိုင်သူများသည် ၎င်းတို့၏ယှဉ်ပြိုင်မှုများကို သတ်မှတ်ထားသော Webpage သို့ (၂၀၁၁)နိုဝင်ဘာလမှ (၂၀၁၂)မေလအထိ ပေးပို့နိုင်ပြီး ဆုချီးမြှင့်ခြင်းကို (၂၀၁၂)ခုနှစ်တွင် မန်ချက်စတာမြို့၌ ကျင်းပမည်ဖြစ်ပါသည်။ အသက်(၁၆)နှစ် မှ (၃၅)နှစ်အတွင်းရှိ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲအတွက် ဂီတ၊ ဗီဒီယိုနှင့် ဓါတ်ပုံ ဟုသုံးမျိုးခွဲခြားထားပါသည်။ ယင်းပြိုင်ပွဲရည်ရွယ်ချက်မှာ လူငယ်များအနေဖြင့် သမဝါယမအခြေခံမူများ အပေါ် ပိုမိုဆွဲဆောင်မှုရှိရေးနှင့် ကမ္ဘာအဝှန်းသမဝါယမလုပ်ရှားမှုအပေါ် စိတ်ဝင်တစားနိုးကြားမှုရှိရေးကို ဖော်ညွှန်း ရန်ဖြစ်ပါသည်။

ယနေ့အပြည်ပြည်ဆိုင်ရာသမဝါယမများနေ့ အခါသမယတွင် ICA သည် သမဝါယမလုပ်ရှားမှုများ၌ လူငယ်များပါဝင်စေပြီး ၎င်းတို့၏အနာဂတ်ခေါင်းဆောင်မှုများအား ရင်းနှီးမြှုပ်နှံကြရန် ကမ္ဘာတဝှန်းရှိ သမဝါယမဘက်တော်သားများ (Cooperators)အား တိုက်တွန်းနှိုးဆော် ထားပါသည်။